# PARENT & FAMILY DRUG SUPPORT LINE



**မိဘနှင့် မိသားစု မူးယစ်ဆေး ပံ့ပိုးမှု ဖုန်းလိုင်း**

၎င်းသည် အရက်အလွန်အကျွံ သောက်နေနိုင်သော သို့မဟုတ် မူးယစ်ဆေးသုံးစွဲနေသော သင့် ကလေး သို့မဟုတ် မိသားစုဝင်တစ်ဦးနှင့်ပတ်သက်၍ သင် စိုးရိမ်ပူပန်နေလျှင် သင် ဖုန်းခေါ်ပြီး တစ်စုံတစ်ယောက်နှင့်စကားပြောဆိုနိုင်သော နံပါတ်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် သင့်အား ဝေဖန်မည် မဟုတ်ပါ။ အားလုံးသော အခြေအနေ အမျိုးအစားများကို နားလည်စေရန် ကျွန်ုပ်တို့အား လေ့ကျင့်ပေးထားပါသည်။ အကယ်၍ သင်သည် သင့်ကလေး၏ ပြဿနာနှင့်ပတ်သက်၍ ဖုန်းခေါ်နေလျှင် မိဘကူညီပေးသူနှင့် စကားပြောရန် သင် မေးမြန်းနိုင်သည်။ ကျွန်ုပ်တို့၏ မိဘကူညီသူ အားလုံးသည် အရက် ပြဿနာ သို့မဟုတ် မူးယစ်ဆေး ပြဿနာ ရှိနေသည့်ကလေးများနှင့်ပတ်သက်၍ အတွေ့အကြုံရှိပါသည်။ ကျွန်ုပ်တို့သည် သတင်းလျှို့ဝှက် လုပ်ပေးသည့် ဝန်ဆောင်မှုတစ်ခု ဖြစ်သည်။ သင်သည် သင့်နံမည်ကို ကျွန်ုပ်တို့အား ပြောရန်မလိုပါ၊ ကျွန်ုပ်တို့ သင့်ကိုယ်ရေးသီးခြားရှိမှုကို လေးစားပါမည်။

ကျွန်ုပ်တို့၏ ဝန်ဆောင်မှုကို တစ်ရက် 24 နာရီလုံး ရရှိနိုင်ပါသည်။

ကျွန်ုပ်တို့ကို ဖုန်း **9442 5050** ဖြင့်ခေါ်ပါ သို့မဟုတ် နယ်စွန်ဒေသများမှ ဖုန်း **1800 653 203** ဖြင့်ခေါ်ပါ။ အကယ်၍ သင် ဖုန်းခေါ်ခကို စိုးရိမ်နေလျှင် ကျွန်ုပ်တို့ သင့်အား အမြဲတမ်းအားဖြင့် ဖုန်းပြန်ခေါ်ပေးနိုင်ပါသည်။

သို့မဟုတ် သင် ကျွန်ုပ်တို့အား

**alcoholdrugsupport@mhc.wa.gov.au**

ဖြင့်အီးမေးလ်ပို့နိုင်သည်။

L Card Burmese.indd 1 10/10/2019 8:56:38

ကျွန်ုပ်တို့သည်-

- သင်နှင့်သင့်မိသားစုအပေါ် အရက်/အရက်ပြင်း သို့မဟုတ် မူးယစ်ဆေးများမှာ မည်သို့ပြဿနာဖြစ်နေစေသည်ကို နားထောင်ပေးနိုင်သည်။
- အရက်/အရက်ပြင်း နှင့် မူးယစ်ဆေး အသုံးပြုမှုနှင့်ပတ်သက်သည့် သတင်းအချက်အလက်များနှင့် အချင်းအရာများကို သင့်အား ပေးနိုင်ပါသည်။
- အရက်ပြဿနာ သို့မဟုတ် မူးယစ်ဆေးပြဿနာနှင့်ပတ်သက်၍ စကားပြောရန် တစ်စုံတစ်ယောက် သင် လိုအပ်လျှင် နားထောင်ပေးနိုင်ပါသည်။
- အရက်ပြဿနာ သို့မဟုတ် မူးယစ်ဆေးပြဿနာ ရှိသည့်ကလေးတစ်ဦး၏ အခြားမိဘတစ်ဦးနှင့်လည်း သင့်အား ဆက်သွယ်ပေးနိုင်ပါသည်။
- အကူအညီအချို့ ရရှိရေးနှင့်ပတ်သက်၍ သင့်အား ပြောပြပေးနိုင်ပါသည်။
- ဤကဲ့သို့သော ပြဿနာအမျိုးအစားများကို ကူညီပေးနိုင်သည့် ဒေသတွင်း ဝန်ဆောင်မှုလုပ်ငန်းအကြောင်း သင့်အား ပြောပြပေးနိုင်ပါသည်။

ကျွန်ုပ်တို့သည် စကားပြန်များကို သုံးပါသည် ထို့ကြောင့် အကယ်၍ သင်သည် အင်္ဂလိပ်စကား မပြောတတ်လျှင် သို့မဟုတ် စကားပြန်ကို သုံးခြင်းဖြင့် ပိုမိုအဆင်ပြေလျှင် စကားပြန် ရရှိနိုင်ပါသည်။ သင်သည် ဘာသာပြန်နှင့် စကားပြန် ဝန်ဆောင်မှု (Translating and Interpreting Service (TIS National)) ကို ဖုန်း **13 14 50** ဖြင့် ခေါ်နိုင်ပြီး မိဘနှင့် မိသားစု မူးယစ်ဆေး ပံ့ပိုးမှု ဖုန်းလိုင်း (Parent and Family Drug Support Line) ကိုဖုန်း **(08) 9442 5050** ဖြင့်ခေါ်၍ စကားပြောလိုကြောင်း ပြောပါ။




Government of Western Australia
Mental Health Commission

L Card Burmese.indd 2 10/10/2019 8:56:39